# သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် - မြန်မာဘာသာအစုအဖွဲ့ အစည်းအဝေး - ၂၆ မေ ၂၀၂၁

သဘာပတိ။ ။ ဒေါ်အိအိသိန်း (MIMU)

ပါဝင်သူများ။ ။ NRC, MHAA, World Vision Myanmar, UNOPS, INGO Forum, Ipas, Burnet Institute Myanmar, UNICEF, VNG International, Peace Corps/Myanmar, The Union, Samaritan's Purse, UNODC, The Leprosy Mission Myanmar, Myanmar Health Assistant Association, Peace Corps Myanmar, GRET Myanmar, CARE International Myanmar, The Lutheran World Federation, DRC/DDG, Community Partners International, AFXB Myanmar, American Refugee Committee@ALIGHT, UNFPA, Karen Women Empowerment Group (KWEG), Malteser International, UN-Habitat, Community Partners International, UNHCR, UNOCHA, Michigan State University, MIMU (32 agencies)

| | |
|---|---|
| 1 | **မြန်မာ ဘာသာ ဖြင့် ပြုလုပ်သော IM Network အစည်းအဝေး မိတ်ဆက် - ဒေါ်အိအိသိန်း, MIMU**<br><br>သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက်၏ အဓိက ရည်ရွယ်ချက်မှာ သင့်တော်သော ရှိရင်းသတင်းအချက်အလက်စနစ်များဖြင့် တည်ဆောက်ထားသော ညှိနှိုင်း ဆောင်ရွက်ခြင်းနည်းဖြင့် ရလဒ်ကို အခြေခံသော ထိရောက်သည့် ဖွံ့ဖြိုးရေး နှင့် လူသားချင်း စာနာမှု မူဝါဒ၊ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံ ခန့်ခွဲမှု ဆုံးဖြတ်ချက်များချနိုင်ရန် အတွက် သတင်းအချက်အလက်များ ၏ အရည်အသွေး ကို မြှင့်တင်နိုင်ရန်ဖြစ်သည်။ ယနေ့ပြုလုပ်သော အစည်းအဝေး သည် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများကြား သတင်း အချက် အလက် စီမံခန့်ခွဲမှု ကွန်ယက် (Myanmar IM Network) ၏ မြန်မာဘာသာ ဖြင့် ပြုလုပ်သော ပထမဦးဆုံး ပြုလုပ်သော အစည်းအဝေး ဖြစ်ကြောင်း၊ ပုံမှန် IM Network အစည်းအဝေး များကို MIMU မှ ဦးဆောင်၍ ၂၀၁၃ ခုနှစ်မှ စတင် ကျင်းပခဲ့ကြောင်း၊ ထို အချိန် မှ စ၍ ယနေ့ အထိ အင်္ဂလိပ်ဘာသာ ဖြင့်သာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အချို့ နည်းပညာ ဆိုင်ရာ technical ကိစ္စရပ်များကို လွယ်ကူရှင်းလင်းစွာ ဆွေးနွေးနိုင်ရန် အတွက် ယခုကဲ့သို့ မြန်မာလို သီးသန့် IM Network အစည်းအဝေး များ ပြုလုပ်ခြင်းဖြင့် နိုင်ငံသား ဝန်ထမ်းများ ၏ ပူးပေါင်းပါဝင်မှု ကို မြှင့်တင်ရန် နှင့် အဖွဲ့အစည်းများစွာ (CBOs, NGOs) ကို လက်တွဲခေါ်ရန် ရည်ရွယ်ထား ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ |
| 2 | **မြန်မာနိုင်ငံတွင် သောက်ရေ အရင်းအမြစ်များ ပြောင်းလဲလာခြင်း (၂၀၁၄ - ၂၀၁၉) - ဒေါ် မိုးသင်ဇာလှိုင်, MIMU**<br><br>( ဤဆန်းစစ်လေ့လာမှု အကျဉ်း နှင့် ဆက်စပ်သည့် အစီရင်ခံစာများ၊ သရုပ်ပြပုံများ၊ dashboard နှင့် အချက်အလက်ဇယားများ ကို [MIMU Analysis – Drinking Water 2014-2019] အောက်တွင် ရယူနိုင်ပါ သည်။ ) |

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မှ ၂၀၁၉ ခုနှစ် ကြား တွင်ပြောင်းလဲအသုံးပြုလာတဲ့သောက်ရေ အရင်းအမြစ်များအကြောင်းကို MIMU မှ ဆန်းစစ်လေ့လာမှု အကျဉ်း လေးပြုလုပ်ထားပါသည်။ ဤဆန်းစစ်လေ့လာမှု အကျဉ်း သည် MIMU ၏ ပထမဆုံး ဆန်းစစ်လေ့လာမှု အကျဉ်းဖြစ်ကြောင်း ဦးစွာ ပြောကြားခဲ့သည်။ ထို့နောက် ဘေးကင်းစိတ်ချရသည့် သောက်ရေ ရရှိရေးသည် လူသားတိုင်း အတွက် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတကာကပင် အခြေခံလူ့အခွင့်အရေး အဖြစ် အသိအမှတ်ပြု သတ်မှတ်ထားကြောင်း၊ ညစ်ညမ်းသည့် ရေ ကို သောက်သုံးခြင်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါနှင့် ဝမ်းကိုက်ရောဂါဖြစ်စေပြီး အာဟာရဓာတ်ချို့တဲ့မှု နှင့် ကျန်းမာရေးအတွက် ရေရှည်မကောင်းတဲ့ဆိုးကျိုးများကိုဖြစ်ပေါ်စေပါသည်။ ထို့အပြင် ဘေးကင်းစိတ်ချရခြင်းမရှိသည့် ရေကြောင့် ကမ္ဘာတစ်ဝှမ်း နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ခန့်မှန်းခြေ လူ ၈၄၂,၀၀၀ ဦး အသက်ဆုံးရှုံးကြရပါသည်။ ထို့အတွက်ကြောင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDG) ၏ (ပန်းတိုင် ၆ ရည်မှန်းချက် ၆.၁) အနေဖြင့်လည်း ဦးစားပေး ဆောင်ရွက်နေ ကြောင်း ဆွေးနွေးခဲ့သည်။

ဤဆန်းစစ်လေ့လာမှု အကျဉ်းကို ၂၀၁၄ လူဦးရေ နှင့် အိမ်ထောင်စု သန်းခေါင်စာရင်း၊ ၂၀၁၅-၂၀၁၆ မြန်မာနိုင်ငံ လူနေမှုဘဝ နှင့် ကျန်းမာရေး အခြေခံအချက်အလက် စစ်တမ်း၊ ၂၀၁၇ မြန်မာ နေထိုင်မှုအခြေအနေ စစ်တမ်း နှင့် ၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်း တို့အပေါ်တွင် အခြေခံ၍ ပြုစုထားကြောင်း၊ ထိုရင်းမြစ်များထဲမှ ၂၀၁၉ ကြားဖြတ် သန်း ခေါင်စာရင်းတွင်သာ သောက်ရေနှင့် ပတ်သက်၍ ပထမဆုံး အကြိမ် ကျယ်ကျယ်ပြန့်ပြန့် ကောက်ခံနိုင်ခဲ့ကြောင်း ဆွေးနွေးခဲ့သည်။ အထက်ပါ ရင်းမြစ် ၄ ခု မှာ တစ်ခု နှင့် တစ်ခု တွက်ပုံ တွက်နည်း methodologies များ မတူကျသောကြောင့် ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း မှ လေ့လာတွက်ချက်မှု methodology ကိုသာ စံ ထား၍ လုပ်ဆောင်ခဲ့ရကြောင်း ရှင်းပြခဲ့သည်။ အဆိုပါ methodology အရ စစ်တမ်းကောက်ရာတွင် အဓိကအားဖြင့် အိမ်ထောင်စုများ ရေရရှိသော အရင်းအမြစ်ပေါ်မူတည်၍ ကောင်းမွန်ခြင်းရှိသော ရေအရင်းအမြစ် နှင့် ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ် ဟူ၍ နှစ်မျိုးခွဲထားကြောင်း၊ ၎င်းတို့ကို အသေးစိတ် ထပ်မံ ခွဲခြားချက်များ အကြောင်း၊ စစ်တမ်း အလိုက် အဓိပ္ပာယ် သတ်မှတ်ချက်များ တဖြည်းဖြည်း ကျယ်ပြန့် လာပုံ တို့ကို ရှင်းပြခဲ့သည်။ မည်သည့် အရင်းအမြစ်တွင် မည်သည့်အရာများ ပါဝင်သည် ဟု သတ်မှတ်ရာတွင် သတိပြုရမည်များ ကိုလည်း ဆွေးနွေးခဲ့သည်။ဤနေရာတွင် ကောင်းမွန်ခြင်းရှိသော ရေအရင်း အမြစ်များ သည် အိမ်ထောင်စုများအတွက် ညစ်ညမ်းမှု ဖြစ်နိုင်ချေ အန္တရာယ် နည်းပါး ပြီး သောက်သုံးရန် ဘေးကင်းစိတ်ချရသည့် ရေ ဟုအဓိပ္ပါယ် ကောက်ယူ၍ မရကြောင်း သတိပြုစေလိုသည်။ (ရေရရှိသော အရင်းအမြစ် နှင့် ဝန်ဆောင်မှုများ အကြောင်းကို အသေးစိတ်သိရန် ပူးတွဲပါ presentation ကို ကြည့်ရှုပါ။)

ဤ ဆန်းစစ်လေ့လာမှု အကျဉ်း ကို ရေးသားရာတွင် အချက်အလက် လေ့လာသုံးသပ်မှု (data analysis) အတွက် Excel ကို သုံးကာ ပုံဖော်မှု (data visualisation) အတွက် Tableau ကို သုံးကြောင်း ရှင်းပြခဲ့သည်။

အခက်အခဲ နှင့် ကန့်သတ်ချက်များ အကြောင်းဆွေးနွေးရာတွင် ရင်းမြစ်လေးခုတွင် တချို့မှာ တိုင်းဒေသကြီး နှင့် ပြည်နယ်များ အဆင့် ဖြစ်နေပြီး အချို့မှာ ခရိုင်အဆင့်၊ အချို့မှာ မြို့နယ်အဆင့် စသည်ဖြင့် အမျိုးမျိုးဖြစ်နေကြောင်း၊ ထို့အပြင် အချို့ညွှန်းကိန်းများကို မကောက်ယူထားသောကြောင့် ထည့်သွင်းရန် မဖြစ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

| | |
|---|---|
| | အရေးကြီးသော တွေ့ရှိချက်များအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိမ်ထောင်စု ၈၂% တွင် ကောင်းမွန်သောရေအရင်းအမြစ်များကို သုံးနေကြောင်း၊ မြို့ပြ နှင့် ကျေးလက် ကြား အချက်အလက်အသေးစိတ် နှင့် ကွာဟမှု၊ မြို့နယ်အလိုက် အချက်အလက်များ၊ နိုင်ငံတကာနှင့် နှိုင်းယှဉ်မှု၊ ၂၀၁၄ မှ ၂၀၁၉ အတွင်း တိုးတက် ပြောင်းလဲလာမှုများ၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မသန့်ရှင်းသည့် သောက်ရေ အသုံးပြုမှု အမြင့် ဆုံး ဖြစ် နေကြောင်း၊ တိုးတက်မှုများရှိသော်လည်းသောက်ရေတွင် ဓာတုညစ်ညမ်းမှုကဲ့သို့မသိရသောအရာများစွာရှိကြောင်း အစရှိသည့် အကြောင်းအရာများ ကို ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံ ရှိ ပြည်သူလူထုအားလုံးအတွက် ဘေးကင်း စိတ်ချရသည့် သောက်ရေ ရရှိနိုင်ရေးအတွက် သောက်ရေ အရင်းအမြစ် အမျိုးမျိုး ကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း စဉ်းစားခြင်း အား ဦးတည်ရည်ရွယ်၍ ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းတစ်ခု လိုအပ်မည် ကြောင်း ဤ MIMU ၏ ဆန်းစစ်လေ့လာမှု အကျဉ်း တွင် မီးမောင်း ထိုးပြထားကြောင်းပြောကြားခဲ့ပါ သည်။ |
| 3 | **အရေးပေါ်အခြေအနေပြင်ဆင်မှု Dashboard - ဒေါ်အိအိသိန်း, MIMU**<br><br>( ဤ dashboard ကို MIMU homepage မှ Emergencies အောက်မှ Emergency Response Dashboard တွင် ဝင်ရောက်နိုင်ပါသည်။ )<br>လက်တလောကမှ လွှင့်တင်ထားသော အရေးပေါ်အခြေအနေပြင်ဆင်မှု dashboard သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးများ အတွက် ကြိုတင်ပြင်ဆင်မှု များ လုပ်နိုင်ရန် ရည်ရွယ်ကြောင်း၊ မြို့နယ်အဆင့်ထိ အချက်အလက်များ ထည့်သွင်းပြုလုပ်ထားကြောင်း ဆွေးနွေးခဲ့သည်။<br>ထို့နောက် ပါဝင်သော အခန်းကဏ္ဍများဖြစ်သော လူဦးရေ၊ ထိခိုက်လွယ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ် လျော့ချရေး၊ ရေနှင့် သန့်ရှင်းရေး၊ 3W (Who/What/Where) စသဖြင့် ကဏ္ဍတစ်ခုချင်းစီကို ရှင်းလင်းခဲ့သည်။<br>သန်းခေါင်စာရင်း နှင့် ပတ်သက်သော အချက်အလက်များအကြောင်း ဆွေးနွေးရာတွင် လူဦးရေ ကိန်းဂဏန်းများ မှာ ၂၀၁၄ ကို အခြေခံ၍ ၂၀၂၁ ကို ခန့်မှန်း တွက်ချက် ထားခြင်း ဖြစ်ကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်းသာလျှင် မြို့နယ်အဆင့်ထိအသေးစိတ်ပါဝင်သောကြောင့် အခြားကဏ္ဍများ တွင်ပါ သုံးထားကြောင်း၊ အသက် အပိုင်းအခြားများ နှင့် ကျား/မ အစရှိသည်ဖြင့် အသေးစိတ် ပါဝင်ကြောင်း ပြောကြားခဲ့သည်။<br>အလားတူပင် ထိခိုက်လွယ်မှု dashboard ကိုလည်း ၂၀၁၆ MIMU-HARP ထိခိုက်လွယ်မှု သုံးသပ်ချက် ပေါ်အခြေခံ၍ ပြုလုပ်ထည့်သွင်းပေးထားကြောင်း၊ 2021 Humanitarian Response Programme (HRP) မှ နေရပ်စွန့်ခွာ IDPs ဆိုင်ရာ အချက်အလက်များပါ တပါတည်း ထည့်ပေးထား ကြောင်း ရှင်းပြခဲ့သည်။<br>ထို့နောက် INFORM အညွှန်းကိန်း အကြောင်း နှင့် မြို့နယ် အလိုက် risk level နှင့် INFORM တွင်ပါဝင်သောအခြားအချက်အလက်များကို အသေးစိတ် ထည့်သွင်း ပေးထားကြောင်း ဆွေးနွေးခဲ့သည်။ ( မြန်မာနိုင်ငံဆိုင်ရာ INFORM အချက်အလက် ရယူရန် ) ထို့အပြင် INFORM အညွှန်းကိန်း ၏ တွက်ပုံတွက်နည်း methodology အကြောင်း ဆွေးနွေးခဲ့ပြီး အသေးစိတ်လေ့လာနိုင်ရန် pdf file ကိုလည်း မျှဝေခဲ့သည်။ |

| | |
|---|---|
| | အရေးပေါ် အခြေအနေ ပြင်ဆင်မှု နှင့် ဆက်စပ်နေသော sector ကဏ္ဍ ၄ ခု ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ WASH၊ သဘာဝဘေးအန္တရာယ် ထိခိုက်နိုင်မှု တို့ကိုလည်း မြို့နယ် အလိုက်ဇယားဖြင့် ထည့်ပေးထားကြောင်း၊ WASH ကဏ္ဍဆိုင်ရာ အချက်အလက်များ မှ MIMU သောက်ရေသုံးသပ်ချက် ကို အခြေခံထားကြောင်း ပြောကြားခဲ့သည်။<br>ထို့အပြင် 3W ( ဘယ်သူက ဘယ်နေရာမှာ ဘာလုပ်တယ် ) အချက်အလက်များ ကိုလည်း မြို့နယ်အလိုက် ကဏ္ဍခွဲ၍ ထည့်ထားကြောင်း ရှင်းလင်းခဲ့သည်။<br>နည်းပညာ ပိုင်းအရ tableau ကို သုံးထားကြောင်း၊ tableau အသုံးပြုခြင်း သင်တန်း ပြုလုပ်ပေးရန် စီစဥ်နေကြောင်း ကြေညာခဲ့သည်။ |
| 4 | မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် ၏ လိုက်နာရမည့် အချက်များ ( Terms of Reference ) ကို စုပေါင်းသဘောတူရန် ဆွေးနွေးမှု<br><br>Terms of Reference ကို ရှင်းပြ ဆွေးနွေးခဲ့သည်။<br><br>ယခု မြန်မာဘာသာ ToR သည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလက IM network အဖွဲ့ဝင်များသဘောတူ လက်ခံခဲ့ပြီး ဖြစ်သော English version ToR ကို မြန်မာဘာသာ ပြန်ဆိုထားခြင်း သာဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ထို့အပြင် ToR ၏ သဘောသဘာဝ အရ အခြေအနေ အရပ်ရပ် ပေါ်မူတည်၍ ပြောင်းလဲနေရတတ်ကြောင်း၊ ရံဖန်ရံခါ ဆိုသလို ပြန်လည်သုံးသပ် ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ ထိုသို့ ပြင်ဆင်မှု များ ကို အင်္ဂလိပ်ဘာသာ ဖြင့် ပြုလုပ်သော ပင်မ IM Network အစည်းအဝေး တွင် ဆွေးနွေးပြုလုပ် မည် ဖြစ်သည်။<br>တက်ရောက်လာသူ များထဲမှ ToR ကို “လုပ်ငန်း ညွှန်းတမ်း” ဟု ရေးသားရန် အကြံပြုမှု ရှိခဲ့သည်။ ထို့အပြင် အဖွဲ့အစည်း အတွင်း နှင့် အေဂျင်စီ အချင်းချင်း ကြား သဘောတူရန် အချိန် တစ်ခုပေးရန် တောင်းဆိုခဲ့သည်။ အခြားအကြံပေးမှု မှာ ToR အတွင်း၌ သုံးသပ်ပြင်ဆင်မည့် အချိန် တစ်ခု ( ၆လ တန်သည်၊ ၁ နှစ် တန်သည် ) ကို ထည့်သွင်း ပေး ရန် ဖြစ်သည်။ |
| 5 | အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ<br><br>The Lutheran World Federation Myanmar မှ လက်ရှိအချိန်တွင် country program တစ်ခုလုံး နှင့် အခြား project များကို evaluation လုပ်နေကြောင်း၊ ချင်းပြည်နယ် တွင် အခြားအဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ IDPs ကိစ္စကို rapid assessment ပြုလုပ်နေ ကာ ထို့အတွက် လက်တွဲလုပ်ဆောင်ရန် ဖိတ်ခေါ်လိုကြောင်း တင်ပြခဲ့သည်။ |

| 6 | အခြားဆွေးနွေးမှုများ |
|---|---|
| | မြန်မာဘာသာ IM Network အစည်းအဝေး ကို လောလောဆယ် တွင် လစဉ် နောက်ဆုံးအပတ် ၏ ဗုဒ္ဓဟူးနေ့တိုင်းတွင် ကျင်းပရန် စီစဉ်ထားပါသည်။ ထို့ကြောင့် နောက် အစည်းအဝေး ကို **ဇွန်လ ၃၀ ရက်**နေ့တွင် ပြုလုပ်မည် ဖြစ်သည်။ အဆိုပါ အစည်းအဝေး တွင် MIMU မှ MapX platform အကြောင်း နှင့် MIMU Pcoder အကြောင်း ကို တင်ပြရန် ရာထားပါသည်။ အေဂျင်စီများ အနေဖြင့်လည်း IM Network တွင် အသုံးဝင် အကျိုးရှိနိုင်သော presentation များ ပြုလုပ်ပေးပါရန် ဖိတ်ခေါ်လိုပါသည်။ ပြုလုပ် လိုပါက ဒေါ်အိအိသိန်း ထံသို့ ဆက်သွယ်ပေးပါ ei.ei.thein@undp.org<br>ထို့အပြင် MIMU မှ Product calendar ဟူ၍ MIMU အပါအဝင် အေဂျင်စီ များ၏ ထုတ်ကုန် များ ကို ပြက္ခဒိန် တစ်ခု ကဲ့သို့ ပြထားနိုင်မည့် စနစ်တစ်ခု စတင်ရန် ပြင်ဆင်နေ ကြောင်း အသိပေးခဲ့သည်။ |

| | Participant | Agency / Organization | Position |
|---|---|---|---|
| 1 | Su Yin Win | NRC | M&E manager |
| 2 | Moe Zaw Nyein | MHAA | Senior M&E Officer |
| 3 | Kyaw Zaw Naing | World Vision Myanmar | Food/Cash Program Manager |
| 4 | Nyan Lynn Myint | UNOPS | Programme Management Senior Officer |
| 5 | San May Thu | INGO Forum | Program Relations Manager |
| 6 | Tin Cho Aye | World Vision Myanmar | Knowledge Management & Innovation Coordinator |
| 7 | Tin Lei Lei Aung | Ipas | Senior Research and Evaluation Advisor |
| 8 | Dr. Ye Win Aung | Burnet Institute Myanmar | Program Manager |
| 9 | Mee Mee Thaw | UNICEF | Information Management Officer (WASH Cluster) |
| 10 | Mya Thway Naing | VNG International | Finance Manager |
| 11 | Nang Noan Vo | Peace Corps/Myanmar | Regional Program Manager |
| 12 | Sai Soe Thu Ya | The Union | Program Manager MEAL Unit |
| 13 | Thwe Thwe Tun | Samaritan's Purse | M&E Manager |
| 14 | Naing Lin Aung | UNODC | Data Analyst |

| | | | |
|---|---|---|---|
| 15 | TIn Tin Wai | The Leprosy Mission Myanmar | Database Assistant |
| 16 | Mr. Aung Myo Min | Myanmar Health Assistant Association | M&E Manager |
| 17 | Eaint Phoo Myat | Peace Corps Myanmar | Executive Assistant |
| 18 | Ms. Cing Sawm Lun | GRET Myanmar | Admin/HR Officer |
| 19 | Kaung Myat Wai Yan | The Union | MEAL Officer (HIV Prevention) |
| 20 | Thet Khine Win | CARE International Myanmar | Senior Manager - Monitoring & Evaluation |
| 21 | Kyaw Win Aung | The Lutheran World Federation | Accountability and Learning Coordinator |
| 22 | Myo Min soe | DRC/DDG | IM specialist |
| 23 | Khine Thazin Htun | World Vision Myanmar | Zonal Operation Analyst |
| 24 | Wai Yan Soe | Myanmar Health Assistant Association | Senior Monitoring and Evaluation Officer |
| 25 | Khin Wai Wai Htun | Community Partners International | Program Manager (M&E) |
| 26 | Hay Marn Pyae | Peace Corps Myanmar | Programming and Training Specialist |
| 27 | TIn TIn Wai | The Leprosy Mission Myanmar | Database Assistant |
| 28 | Lwin Lwin Ngwe Yee | Myanmar Health Assistant Association | Data Assistant |
| 29 | Thiri Win | AFXB Myanmar | Data Supervisor |
| 30 | Myo Min Thein | American Refugee Committee@ALIGHT | Data Quality Assurance Officer |
| 31 | Win Myint | UNFPA | Programme Analyst ( M&E) |
| 32 | Sa Phyo Min Htay | Karen Women Empowerment Group (KWEG) | Assistant M&E Officer |
| 33 | Ms.Cing Sawm Lun | GRET Myanmar | Admin/ HR Officer |
| 34 | Hnin Sandar Oo | Malteser International | Admin Officer |
| 35 | Htun Lynn | UN-Habitat | M&E Reporting and Knowledge Management Coordinator |

| | | | |
|---|---|---|---|
| 36 | Kyaw Zin Latt | CARE International in Myanmar | Emergency Preparedness and Humanitarian Response Coordinator |
| 37 | Khin Khin Than | The Lutheran World Federation | Planning, Monitoring and Evaluation Officer |
| 38 | Phyo Maung Maung | Community Partners International | Program Operation Director |
| 39 | Zaw Linn Htet | American Refugee Committee | Technical and M&E Coordinator |
| 40 | Su Wai Htet | UNHCR | Senior Data Management Assistant (GIS) |
| 41 | Khin Thandar Soe | UNOCHA | National IMO |
| 42 | Nilar Aung | Michigan State University | Senior Research Specialist |
| 43 | Ei Ei Thein | MIMU | Data Manager |
| 44 | Moe Thinzar Hline | MIMU | Data Analyst |
| 45 | Thiri May Kyaw | MIMU | Resource Centre Associate |
| 46 | Naing Lin Kyaw | MIMU | PR, Design and Reporting Officer |